# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၄ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေ၊အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ အကြောင်း သိကောင်းစရာ | ၂ - ၄ |
| ၂။ | ပြင်သစ်နိုင်ငံ Louis Vuitton(LV)ကုမ္ပဏီမှ တရုတ်နိုင်ငံ၏ Shenzhen Molly Tea Catering Management Co.Ltd အား ကုန်အမှတ်တံဆိပ် ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်း | ၅ - ၆ |
| ၃။ | နိုင်ငံတော်အလံကို မလေးမစားပြုခြင်းအတွက် ပြစ်ဒဏ်ချမှတ်မည့် ဥပဒေကြမ်းကို ဂျပန်လွှတ်တော်က အတည်ပြု | ၇ - ၈ |
| ၄။ | ပြင်သစ်နိုင်ငံတွင် အသက် ၁၅ နှစ်အောက်လူငယ်များ ဆိုရှယ်မီဒီယာ အသုံးပြုခွင့် ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအတည်ပြု | ၉-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၄ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေ သတင်းအချက်အလက် စနစ်(MLIS)၌ အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးလျက်ရှိသည့် ပြည်ထောင်စုဥပဒေ၊ နည်းဥပဒေ၊အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအနက် တရားလွှတ်တော်ရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတ အဖြစ် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၁၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂-၆-၂၀၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄၁၇/၂၀၂၆ ဖြင့် တရားလွှတ်တော်ရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါနည်းဥပဒေများအား လေ့လာရာ အခန်း(၃)ခန်းပါဝင်ပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ အခန်း(၂)တွင် ရှေ့နေခန့်အပ်ထားများနှင့် အခန်း(၃)တွင် အထွေထွေတို့အား ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၌ နည်းဥပဒေ ၂(က)တွင် **တရားလွှတ်တော်ရှေ့နေ** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် အမည်စာရင်းသွင်းထားသော အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိသည့် တရားလွှတ်တော်ရှေ့နေကို ဆိုသည်ဟုလည်းကောင်း၊ ၂(ဂ)တွင် **တရားမမှု** ဆိုသည်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံး အဆင့်ဆင့်တွင်စစ်ဆေးစီရင်သော တရားမကြောင်းဆိုင်ရာအမှုအသီးသီးကို ဆိုသည်ဟုလည်းကောင်း၊ ၂(ဇ)တွင် **တရားမအထွေထွေလျှောက်လွှာ** ဆိုသည်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တင်သွင်းသော တရားမဆိုင်ရာ လျှောက်လွှာ

အသီးသီးကို ဆိုသည်ဟုလည်းကောင်း၊ ၂(ဌ)တွင် **ရှေ့နေခ** ဆိုသည်မှာ တရားမမှုများတွင် တရားစရိတ်အဖြစ် သတ်မှတ်ပေးရမည့် တရားလွှတ်တော်ရှေ့နေ၏ အမှုလိုက်ပါဆောင်ရွက်ခကို ဆိုသည်ဟု လည်းကောင်းစသည်ဖြင့် အဓိပ္ပာယ်ဖော်ပြချက် စုစုပေါင်း ၁၂ ခုအား ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အခန်း(၂) ရှေ့နေခနှုန်းထားများတွင် တရားရုံးများက တရားမမူလမှုများတွင် သတ်မှတ်ပေးရမည့် ရှေ့နေခနှုန်းထားများကို တိတိကျကျ သတ်မှတ်ဖော်ပြထားကြောင်း တွေ့ရှိရပြီး နည်းဥပဒေ ၃(ခ)တွင် မည်သည့် တရားမမူလမှုတွင်မှ ဤနည်းဥပဒေအရ တွက်ချက်၍ရရှိသော ရှေ့နေခသည် ကျပ် ၃ သိန်း ထက်မပိုစေရဟု ဖော်ပြထားရာ တရားမမူလမှုများတွင် ဤနည်းဥပဒေအရ အများဆုံး သတ်မှတ်ပေးရမည့် ရှေ့နေခနှုန်းထားမှာ ကျပ် ၃ သိန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နည်းဥပဒေ ၃(ဃ)၌ ဤနည်းဥပဒေအလို့ငှာ အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးကို ရုံးခွန်များအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရမည်ဖြစ်ကြောင်း၊ ရုံးခွန်များအက်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (၅)၊ (၆)၊ (၉)၊ (၁၀)(ဃ)တို့နှင့် အကျုံးဝင်သောအမှုများတွင်မူ အချင်းဖြစ်ပစ္စည်း၏ တန်ဖိုးဖြင့် တွက်ချက်ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၃(င)၌ မခုခံသော အမှုများတွင် ဤနည်းဥပဒေအရ တွက်ချက်၍ရသော ရှေ့နေခ၏ ထက်ဝက်ထက်မပိုသည့် အခငွေကိုသာ သတ်မှတ်ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၅ ၌ တရားမအထွေထွေလျှောက်လွှာနှင့် ဇာရီမှုတွင် ရှေ့နေခကို တရားရုံးက မိမိ သဘောအတိုင်း သတ်မှတ်ပေးနိုင်ကြောင်း၊ မည်သည့်ငွေပမာဏထက် မပိုစေရကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ကြားဖြတ်လျှောက်လွှာများအတွက် ရှေ့နေခများသတ်မှတ်ခြင်းကို နည်းဥပဒေ ၆ တွင် လည်းကောင်း၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှု၊ တရားမလွှဲအပ်မှုတို့အတွက် ရှေ့နေခများ သတ်မှတ်ခြင်းကို နည်းဥပဒေ ၇ တွင်လည်းကောင်း ဖော်ပြပါရှိပြီး အခန်း (၃) အထွေထွေအခန်းတွင် ရန်ကုန်မြို့၊ တရားလွှတ်တော်၏ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာ

စာအမှတ် ၁၀ (အများဆိုင်ရာ)ဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်ဟု ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တရားလွှတ်တော် ရှေ့နေတို့၏ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် **စပ်လျဉ်း၍** အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ပြင်သစ်နိုင်ငံ Louis Vuitton (LV) ကုမ္ပဏီမှ တရုတ်နိုင်ငံ၏ Shenzhen Molly Tea Catering Management Co.Ltd အား ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်း

ပြင်သစ်နိုင်ငံ၊ Louis Vuitton (LV)ကုမ္ပဏီမှ တရုတ်နိုင်ငံ၏ Shenzhen Molly Tea Catering Management Co.Ltdအား ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုဖြင့် တရုတ်နိုင်ငံ၊ Suzhou Intermediate People's Court ၌ တရားစွဲဆိုခဲ့ပါသည်။ Molly Tea ကုမ္ပဏီမှ အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်ဖြစ်သော ပွင့်ချပ်လေးချပ်ပါပန်းဒီဇိုင်း(Four-petal floral design)သည် LV ကုမ္ပဏီ၏ ပွင့်ချပ်လေးချပ်ပါသော ပန်းဒီဇိုင်းအမှတ်တံဆိပ်နှင့် တူညီနေသည့်အတွက် LV ကုမ္ပဏီမှ ၂၀၂၅ ခုနှစ်၊ မေလတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

Molly Tea ကုမ္ပဏီသည် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ရှန်ဇန်းမြို့၌ စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံတွင်သာမက အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဩစတြေးလျနိုင်ငံများနှင့် အခြားသောနိုင်ငံများတွင်ပါ ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်ထားပြီးဖြစ်သည်။

LV ကုမ္ပဏီသည် ပွင့်ချပ်လေးချပ်ပါသော ပန်းဒီဇိုင်းအမှတ်တံဆိပ် (၇)ခုအား မှတ်ပုံတင်ထားခြင်းဖြစ်ပြီး တစ်ကမ္ဘာလုံးမှ အသိအမှတ်ပြုခံထားရသော လူသိများသည့် တံဆိပ်တစ်ခုအဖြစ် ရပ်တည်နေပြီးဖြစ်သည်။ Molly Tea ကုမ္ပဏီသည် ၎င်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် မှတ်ပုံတင်ရန် တရုတ်နိုင်ငံ၏ အမျိုးသားဉာဏပစ္စည်း မူပိုင်ခွင့်စီမံခန့်ခွဲရေးဌာန (China's National Intellectual Property Administration-CNIPA)သို့ တင်သွင်းခဲ့သည်။CNIPA မှ အဆိုပါမှတ်ပုံတင်ခြင်းကို LV ၏ ကုန်အမှတ်တံဆိပ်ဒီဇိုင်း(၂)ခုနှင့် တူညီနေကြောင်း အကြိုးအကြောင်းပြပြီး ငြင်းပယ်ခဲ့သဖြင့် Molly Tea ကုမ္ပဏီက ငြင်းပယ်မှုကို ပြန်လည်သုံးသပ်ပေးရန် တင်သွင်းခဲ့သော်လည်း CNIPA မှ ငြင်းပယ်ခဲ့သည်။

ထို့ကြောင့် LV ကုမ္ပဏီမှ Molly Tea ကုမ္ပဏီအား ၎င်းတို့အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုအတွက် တရုတ်နိုင်ငံ၊ Suzhou Intermediate People's Court တွင် တရားစွဲဆို

ခဲ့ရာ တရားရုံးမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် Molly Tea ကုမ္ပဏီအား ယွမ်ငွေ ၁၀.၃ သန်း ပေးဆောင်ရန်နှင့် Molly Tea ကုမ္ပဏီ၏ official websiteများနှင့် လူမှုကွန်ယက်စာမျက်နှာများတွင် ကုန်အမှတ်တံဆိပ် ချိုးဖောက်မှုအတွက် ကြေငြာချက်တစ်စောင်ထုတ်ပြန်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- https://www.ciplawyer.com/articles/159256.html
- https://natlawreview.com/article/louis-vuitton-scores-10-million-rmb-com.
- https://global.chinadaily.com.cn/a/206207/02WS6a466e92a310982b4633a5. html- Chinese milk tea chain fined $1.5 million for Louis Vuitton trademark infringement - Chinadaily.com.cn
- https://www.msn.com/en-xl/money/other/chinese-tea-chain-molly-tea-ordered-to pay Louis Vuitton $1.5M over logo dispute

## နိုင်ငံတော်အလံကို မလေးမစားပြုခြင်းအတွက် ပြစ်ဒဏ်ချမှတ်မည့် ဥပဒေကြမ်းကို ဂျပန်လွှတ်တော်က အတည်ပြု

နိုင်ငံတော်အလံကို ဖျက်ဆီးသည့်ပြုလုပ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်မည့် ဥပဒေကြမ်းတစ်ရပ်ကို ဂျပန်လွှတ်တော်က ဇူလိုင်လ ၁၇ ရက်၊ သောကြာနေ့တွင် အတည်ပြုခဲ့သည်။သောကြာနေ့က ကျင်းပသည့် အထက်လွှတ်တော်အစည်းအဝေးတွင် အဆိုပါဥပဒေကြမ်းကို ထောက်ခံမဲအများစုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။အဆိုပါဥပဒေကြမ်းကို အာဏာရ မဟာမိတ်အဖွဲ့ဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ဂျပန်ဆန်းသစ်တီထွင်ရေးပါတီ(Japan Innovation Party) တို့အပြင် ပြည်သူ့ဒီမိုကရက်တစ်ပါတီနှင့် ဆန်ဆေးတို(Sanseito)ပါတီတို့က ပူးတွဲတင်သွင်းခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဥပဒေတွင် အလံကို ဂျပန်နိုင်ငံ၏ အမျိုးသားအလံအဖြစ် လူ့အဖွဲ့အစည်းက လက်ခံထားသော ရုပ်ဝတ္ထုပစ္စည်းတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။အများပြည်သူရှေ့တွင် သိသာထင်ရှားစွာ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် ရွံရှာမုန်းတီးမှု ဖြစ်ပေါ်စေခြင်းမျိုးဖြင့် အလံကို ဖျက်စီးခြင်း၊ ဖယ်ရှားခြင်း၊ ပုံသဏ္ဌာန်ပျက်စီးစေခြင်းတို့ ပြုလုပ်ပါက ထောင်ဒဏ်နှစ်နှစ်အထိ သို့မဟုတ် ယန်း ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁,၂၃၀ ခန့်)အထိ ငွေဒဏ်ချမှတ်ခံရနိုင်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါဥပဒေတွင် အများပြည်သူအား ပြင်းထန်သောလုပ်ရပ်တစ်ခုသည် ပြစ်ဒဏ်ချမှတ်ခံရနိုင်ခြေရှိ မရှိကို ဆုံးဖြတ်ရာတွင် လုပ်ရပ်နှင့် ဖြစ်ပွားသည့်အခြေအနေရပ်တည်မှုတို့ကို ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်းလည်း အဆိုပါဥပဒေတွင် ဆိုထားပါသည်။

၎င်းဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် လွတ်လပ်စွာပြောဆိုခွင့်အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ပေးထားသော ပြည်သူတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို မတရား

သဖြင့် ထိခိုက်နစ်နာစေမှု မရှိစေရေးအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းလည်း ဖော်ပြထားပါသည်။လွှတ်တော်နှစ်ရပ်စလုံး၏ ကက်ဘိနက်ဆိုင်ရာကော်မတီများတွင် ဖြည့်စွက်ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံရေးဆိုင်ရာ ဝေဖန်သုံးသပ်ချက်များနှင့် အနုပညာဆိုင်ရာ ဖော်ထုတ်တင်ပြမှုများကို ဤဥပဒေက ဖိနှိပ်ချုပ်ချယ်ရာ မရောက်စေရေးအတွက် ဥပဒေ၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာရန် အစိုးရအား ယင်းဆုံးဖြတ်ချက်က တိုက်တွန်းထားပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www3.nhk.or.jp/nhkworld/en/news/20260717_10/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၄ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်

## ပြင်သစ်နိုင်ငံတွင် အသက် ၁၅ နှစ်အောက် လူငယ်များ ဆိုရှယ်မီဒီယာအသုံးပြုခွင့် ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအတည်ပြု

ပြင်သစ်နိုင်ငံသည် အသက် ၁၅ နှစ်အောက် လူငယ်များအား ဆိုရှယ်မီဒီယာ အသုံးပြုခွင့် ပိတ်ပင်တားမြစ်သည့် ဥပဒေကြမ်းကို ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြင်သစ်အထက် လွှတ်တော်က အတည်ပြုခဲ့ပါသည်။ဤဥပဒေ၏ ရည်ရွယ်ချက်မှာ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အကာအကွယ်ပေးရန်၊ အွန်လိုင်းသုံးစွဲခြင်းမှတစ်ဆင့် အနိုင်ကျင့်စော်ကားမှုများ (cyberbullying)ပပျောက်စေရန်နှင့် ဆိုရှယ်မီဒီယာအဆက်မပြတ်အသုံးပြုခြင်းတို့ မဖြစ်ပေါ်စေရန် တို့ ဖြစ်ပါသည်။

ဤဥပဒေကြမ်းကို ပြင်သစ်အမျိုးသားလွှတ်တော်က မဲခွဲဆုံးဖြတ်ရာတွင် ပြင်သစ် အမျိုးသားလွှတ်တော်အမတ်များသည် ထောက်ခံမဲ ၂၇၉ မဲ၊ ကန့်ကွက်မဲ ၈၁ မဲဖြင့် အတည်ပြု ခဲ့ပြီးနောက် ပြင်သစ်အထက်လွှတ်တော်က ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အတည်ပြုခဲ့ခြင်း ဖြစ်ပါသည်။အဆိုပါဥပဒေသည် အထက်တန်းကျောင်းများတွင် လူငယ်များအနေဖြင့် မိုဘိုင်းဖုန်းများ ကိုင်ဆောင်ခြင်းနှင့် အသုံးပြုခြင်းတို့ကိုလည်း တားမြစ်မည်ဖြစ်ပါသည်။

ဤဥပဒေသည် ပြင်သစ်နိုင်ငံတွင် နေထိုင်လျက်ရှိသည့် မည်သူမဆို မိုဘိုင်းဖုန်းများဖြင့် ဆိုရှယ်မီဒီယာကို ဝင်ရောက်ကြည့်ရှုရန်အတွက် ၎င်းတို့၏အသက်ကို အတည်ပြုရမည်ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလမှစ၍ အသက် ၁၅နှစ်အောက်ရှိ လူငယ်များသည် ဆိုရှယ်မီဒီယာ အသုံးပြုခြင်းအတွက် အကောင့်သစ်ဖွင့်လှစ်ခွင့် ရရှိမည် မဟုတ်တော့ဘဲ ထိန်းချုပ်သွားမည် ဖြစ်ပါသည်။၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အသက်မပြည့်သေးသော လူငယ်များ၏ အွန်လိုင်း အသုံးပြုနေသည့်အကောင့်များကိုလည်း ပိတ်ပင်တားမြစ်မည် ဖြစ်ပါသည်။

ဤဥပဒေသည် ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံရှိ ဆိုရှယ်မီဒီယာအသုံးပြုသူများအားလုံးသည် အသက် ၁၅ နှစ်ကျော်ပြီးဖြစ်ကြောင်း သက်သေပြရမည် ဖြစ်ပါသည်။အဆိုပါဥပဒေ စတင်ကျင့်သုံးပါက ဆိုရှယ်မီဒီယာ ပလက်ဖောင်း

(social media platforms)များသည် ပြင်သစ်ပုဂ္ဂိုလ်ရေးအချက်အလက်များ စည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့(French privacy regulator)က သတ်မှတ်ထားသော အသက်အတည်ပြု အက်ပလီကေးရှင်းပုံစံကို ဖြည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံ ဒစ်ဂျစ်တယ်ဝန်ကြီး Anne Le Henanff က အသက်အရွယ်အတည်ပြုသည့် အက်ပလီကေရှင်းပုံစံများရှိနေပြီဖြစ်ပြီး အဆိုပါအက်ပလီကေးရှင်းပုံစံအသုံးပြုရာတွင် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းကာကွယ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဤဥပဒေတွင် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိသည်ဟု အမည်ပျက်စာရင်းသွင်းထားသော အက်ပလီကေးရှင်းများနှင့် မိဘများ၏ သဘောတူညီချက်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်သော အက်ပလီကေးရှင်းဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။

ဤဥပဒေတွင် အွန်လိုင်းဗဟုသုတရဖွယ်စွယ်စုံကြမ်း(online encylopedias)နှင့် ပညာရေးပလက်ဖောင်း(educational platforms)ကဲ့သို့သော Websiteများအတွက် ပိတ်ပင်တားဆီးခြင်းမှ ခြွင်းချက်ပေးထားပါသည်။ အဆိုပါ Website အက်ပလီကေးရှင်းများကို ဝင်ရောက်ကြည့်ရှုခြင်းအတွက် ကလေး သို့မဟုတ် မိဘများကို မည်သည့်ပြစ်ဒဏ်ကိုမျှ ကျခံရမည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

ပြင်သစ်နိုင်ငံအသံနှင့် ရုပ်မြင်သံကြား၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးထိန်းသိမ်းရေးအဖွဲ့၏ စစ်တမ်းများအရ ပြင်သစ်နိုင်ငံရှိ အသက် ၁၂ နှစ်နှင့် ၁၇နှစ်အကြား လူငယ်များသည် Tiktok နှင့် အခြားပလက်ဖောင်းများတွင် တစ်နေ့လျှင် ပျမ်းမျှ ၁နာရီ၊ ၂၁ မိနစ် အချိန်ကြာအောင်အထိ ကြည့်ရှုနေကြကြောင်း၊ အဆိုပါပလက်ဖောင်းများတွင် လူငယ်များစိုးရိမ်ပူပန်မှုဖြစ်စေနိုင်သည့် ဗွီဒီယိုဖိုင်များ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေနိုင်သည့် ဗွီဒီယိုဖိုင်များနှင့် အန္တရာယ်ဖြစ်စေနိုင်သော ဗွီဒီယိုဖိုင်များ အဆက်မပြတ် ကြည့်ရှုနေကြကြောင်း ဖော်ပြထားပါသည်။

ဤဥပဒေသည် ပြင်သစ်နိုင်ငံအား အသက် ၁၅ နှစ်အောက်လူငယ်များကို ဆိုရှယ်မီဒီယာများ အသုံးပြုမှုမှ ပိတ်ပင်တားမြစ်ခြင်းကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်မည့် ပထမဦးဆုံး ဥရောပ နိုင်ငံ တစ်နိုင်ငံဖြစ်စေပါသည်။စပိန်နိုင်ငံနှင့် အင်္ဂလန်(UK)နိုင်ငံကဲ့သို့သော အခြားနိုင်ငံများကလည်း ၂၀၂၇ ခုနှစ်တွင် လူငယ်များ ဆိုရှယ်မီဒီယာအသုံးပြုခြင်းဆိုင်ရာ ပိတ်ပင်တားမြစ်မှုကို ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်နေကြောင်း ဖော်ပြထားပါသည်။

လူငယ်များသည် ဤဥပဒေကို လိုက်နာခြင်းအားဖြင့် ဆိုရှယ်မီဒီယာ အသုံးပြုမှုနည်းပါးပြီး အွန်လိုင်းအဆက်မပြတ်အသုံးပြုခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်းစသည့် နောက်ဆက်တွဲ ဆိုးကျိုးများကို ထိရောက်စွာကာကွယ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင်လူငယ်များ ဆိုရှယ်မီဒီယာ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများမှ လျော့နည်း လာနိုင်မည်ဖြစ်ပြီး ကျောင်းပညာရေးနှင့် အခြားသောဘာသာရပ်ဆိုင်ရာ သင်ယူမှုအပေါ် ပိုမို အာရုံစိုက်နိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Sources :**

www.jurist.org/news/2026/07/france-passes-new-legislation-banning-social-media-for-children-under-15/

www.bbc.com/news/articles/cq56l9p4y93o

www.theguardian.com/world/2026/jul/21/france-ban-social-media-access-under-15s

edition.cnn.com/2026/07/21/world/france-becomes-the-first-eu-country-to-ban-social-media-for-children

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

